(၇) **သခွါး၊ ဖရဲ မဲ့ပြောက်စွန်းရောဂါ (Anthracnose** of cucurbits **)**

**ရောဂါဖြစ်စေသောသက်ရှိ** **-** *Colletotrichum orbiculare* (Berk. & Mont.) Arx

**ရောဂါလက္ခဏာ**

ရောဂါဖြစ်စေသော မှိုသည် မဲ့ပြောက်စွန်းနှင့် နှင့် အသီးပုပ်ခြင်းကို ဖြစ်စေသည်။ ရွက်ပြောက်များ သည် များသောအားဖြင့် အညိုဖျော့မှ မီးခိုးရောင်ရှိပြီး အနားသတ်များမှာ ထင်ရှားသည်။ ရွက်ပြောက်များပေါင်းစပ်သွားပြီး ရောဂါကွက်ကြီးလာကာ အလယ်တွင် တစ်ရှူးသေများသည် အပေါက်ဖြစ်နေတတ်သည်။ အသီးပေါ် ရှိ ဒဏ်ရာကွက်များသည် နီညိုရောင်ရှိပြီး အနည်းငယ် နစ်မြုပ်နေသည်။ ရောဂါကွက်သည် ကြီးမား လာကာ အလယ်တွင် ဗဟိုတူစက်ဝိုင်းပုံသဏ္ဍာန် ဖြစ် နေပြီး အမဲရောင် မှိုစပိုးများကို တွေ့နိုင်သည်။





ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါဒဏ်ခံနိုင်ရှိသောမျိုးကို ရွေးချယ်စိုက်ပါ။
- ရောဂါရ အပင်အကြွင်းအကျန်များအား ကောက်ယူဖျက်ဆီးပါ။
- သီးနှံပင်ပေါ်မှ ရေဖျန်းခြင်း၊ ရေပေးသွင်းခြင်းကိုရှောင်ပါ။
- အောက်ရွက်များကိုချွေပစ်ပါ။
- ရောဂါစတင်တွေ့လျှင်တွေ့ခြင်း အောက်ပါဆေးများအားအသုံးပြု ပက်ဖျန်း ပါ။
- Chlorothalonil (ကလိုရိုသာလိုနေးလ်)

- Copper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)
- Tebuconazole (တက်ဗျူကိုနာဇိုး)
- Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)